**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၀၉၄/ ၂၀၁၁]

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၆) ရက်နေ့မှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၂) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ၁ နှစ်ပြည့်ကာလအတွင်း နိုင်ငံရေးအရပြောင်းလဲမှုများ အကြီးအမားဖြစ်ပေါ်ခဲ့ကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးအကြံပေးတစ်ဦးဖြစ်သည့် ဒေါက်တာနေဇင်လတ်က ပြောသည်။ (BBC 071111) Read More…
- အစိုးရ၏ မူဂါဒပိုင်းဆိုင်ရာဆွေးနွေးပွဲတစ်ခုဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအလုပ်ရုံဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာသည့်အတွက် အစိုးရအဖွဲ့နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား နားလည်မှုများပိုမိုတည်ဆောက်လာနိုင်သည်ကို တွေ့မြင်နေရကြောင်း ပါဝင်တက်ရောက်ခဲ့သူ ရန်ကုန်မီဒီယာအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကို (စက်မှုတက္ကသိုလ်) ကပြောသည်။ (RFA 071111) Read More…
- ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ဝင်ငွေဖြင့် မလုံလောက်သည့် ချင်းပြည်နယ်အတွက် ဗဟိုအစိုးရထံမှ ထောက်ပံ့ငွေအဖြစ် ငွေကျပ် ၂၅ သန်း တောင်းခံသွားရန် နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်ကြောင်း ချင်းပြည်နယ်သစ်တောဝန်ကြီး ဦးကျော်ငြိမ်းက ပြောသည်။ (Mizzima 081111) Read More…
- လွန်ခဲ့သည့် အောက်တိုဘာလ နောက်ဆုံးပတ်က ချင်းပြည်နယ် ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုအား နေပြည်တော်မှ ခေါ်ယူပြီး ၎င်းအစား ဒေသခံဖြစ်သူပူးရှန်မှုန် (Pu Rum Hmung) အား အစားထိုးခန့်အပ်လိုက်ကြောင်း ဒေသခံရပ်မိရပ်ဖတစ်ဦးက ပြောသည်။ (Khonumthun 091111) Read More…
- ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ သင်းပုန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစံရွှေမောင်မှ စစ်အစိုးရလက်ထက်က အကြောင်းမဲ့ သိမ်းယူခဲ့သည့် လယ်ယာမြေဧက (၁၀၀) ကျော်ကိစ္စကို ပြည်နယ်လွှတ်တော်ထိတင်ပြခဲ့မှုကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က နိုဝဘာ်လ ၄ ရက်နေ့တွင် မြို့နယ်ရုံးသို့ခေါ်ယူကြိမ်းမောင်းခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (Narinjara 091111) Read More…
- မွန်ပြည်သစ်ပါတီနှင့်တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်ရန်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ်မှ ၎င်းရွေးချယ်ခန့်အပ်သော ပြည်တွင်းရှိ မွန်နိုင်ငံရေးခေါင်းဆောင်အချို့အား နိုဝင်ဘာ ၁၂ ရက်နေ့က မွန်ပြည်သစ်ဗဟိုဌာနချုပ်ရှိရာသို့ခရီးထွက်ခွာလာကြပြီဟု မွန်ပြည်သစ်ပါတီဗဟိုကော်မတီဝင်တစ်ဦးက ပြောသည်။ (IMNA 121111) Read More…

## ကြံ့ဖွံ့ပါတီ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမျက်နှာစုံညီအစည်းအဝေးအတွက် နိုဝင်ဘာ ၃ ရက်နေ့က လိုက်လံဖိတ်ကြားသည့် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်ရှိ အဖွဲ့ဝင်လူငယ် အော်ကျော်ဇောနှင့် ကျော်မိုးထက်တို့အား ကြံ့ဖွံ့ပါတီဝင် (၄) ဦးမှ သံတုတ်ဖြင့်ဝိုင်းဝန်းရိုက်နက်ခဲ့သောကြောင့် တစ်ဦးအားဆေးရုံတင်ခဲ့ရကြောင်း တွံတေးမြို့နယ်လူငယ်တာဝန်ခံ ကိုရဲထွဋ်ခေါင်ကပြောသည်။ (KIC 071111) Read More…
- ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် တလုပ်ထော်ကျေးရွာအုပ်စုတွင် ကျေးရွာဘုန်ကြီးတစ်ခု၌ ပြုလုပ်သည့်အလုပ်သမားအစည်းအဝေး ကိုတက်ရောက်ပြီးပြန်လာသည့် လူ့အခွင့်အရေးကာကွယ် မြှင့်တင်သူများကွန်ရက် (HRDP) အဖွဲ့ဝင် ကိုကျော်လွင်ကို ကြံ့ခိုင်ရေးနှင့်

ပတ်သက်သည့်လူတစ်စုက ကျောင်းဝင်းဖိနပ်စီးသည့်အကြောင်းပြချက်ဖြင့် ရိုက်နှက်ခဲ့သည်ဟု ကိုကျော်လွင်က ပြောသည်။ (DVB 081111) Read More…

- ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်နီးလာချိန်တွင် အစိုးရအဖွဲ့ဝင်များကို လွှတ်တော်အမတ်နေရာပြန်ပေးရန်ရည်ရွယ်၍ ၂၀၀၈ ဖွဲ့စည်းပုံ ပါဥပဒေအချို့ကို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အာဏာရပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အမတ်အချို့ကကြိုးပမ်းနေကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ (Mizzima 111111) Read More…

တပ်မတော်

(က) စစ်ဆင်ရေး

- ကချင်ပြည်နယ် နေရာအတော်များများတွင် ကြံ့ဖွံ့အစိုးရတပ်မများနှင့် နယ်မြေခံတပ်များပူပေါင်း၍ နိုဝင်ဘာ ၆ ရက်မှစတင်ကာ အပြင်းအထန်ထိုးစစ်ဆင်များ ပြုလုပ်နေကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်းက ပြောသည်။ (DVB 061111) Read More…
- တနင်္သာရီတိုင်း ထားဝယ်မြို့နယ်အတွင်းရှိ ကရင်အမျိုးသား အစည်းအရုံး KNU တပ်မဟာ (၄) ထိန်းချုပ်ဒေသကို ကြံ့ဖွံ့အစိုးရ တပ်ရင်း ၃ ရင်းလှုပ်ရှားလျက်ရှိပြီး အောက်တိုဘာလဆန်းပိုင်းမှစ၍ တပ်ရင်းတပ်ရင်း ၈ ရင်းခန့် ထပ်မံတိုးချဲ့လာခဲ့ကြောင်း KNU တပ်မဟာ ၄ ဒေသမှ စောကွယ်ထူးဝင်းက ပြောသည်။ (Irrawaddy 101111) Read More…
- တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည့် ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း ဖကွန်ကျေးရွာအနီးရှိ တောင်ကုန်းကို နိုဝင်ဘာ ၁၀ ရက်နေ့က အစိုးရတပ် ခလရ ၂၃၇ နှင့် ခမရ ၃၂၀ တို့မှ တိုက်ခိုက်ရာ၌ ဓာတုအဆိပ်ငွေ့ပါဝင်သည့် လက်နက်များကိုပိုမိုအသုံးပြုလာကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောသည်။ (RFA 111111) Read More…

(ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- နိုဝင်ဘာ ၆ ရက်နေ့က ဗိုင်းမော်မြို့အနီးတွင် ကြံ့ဖွံ့အစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြားတိုက်ပွဲဖြစ်ပွား ခဲ့ပြီးနောက် အစိုးရတပ်မှ ကချင်ခရစ်ယာန်ဘုရားကျောင်းတစ်ခုအားဖျက်ဆီးသည့်အပြင် အသင်းအုပ်ဆရာနှင့်ရွာသား (၄) ဦးကို လည်းဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများကပြောသည်။ (KNG 071111) Read More…
- ကချင်ပြည်နယ်အတွင်း ကြံ့ဖွံ့အစိုးရတပ်နှင့် ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် KIA တို့ အကြားတိုက်ပွဲဖြစ်ပွားနေသည့်ဒေသ များတွင် အစိုးရတပ်က လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက်ပြုလုပ်နေကြောင်း ဒေသခံတစ်ဦးကပြောသည်။ (NMG 071111) Read More…
- မြန်မာနိုင်ငံအရှေ့ပိုင်း တိုင်းရင်းသားဒေသများတွင် အစိုးရစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်တည်ရှိနေပြီး အထူး သဖြင့်ကချင်ပြည်နယ်တွင် ချိုးဖောက်မှုများဆိုးဆိုးရွားရွားဖြစ်နေသည်ဟု ခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ CSW က အစီရင်ခံစာ တစ်စောင် ထုတ်ပြန်လိုက်သည်။ (BBC 091111) Read More…
- ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ ခလယ့်ဒေးစခန်းအခြေစိုက် ကြံ့ဖွံ့အစိုးရတပ် စကခ (၁၂) လက်အောက်ခံ ခမရ (၂၃၀) တပ်ရင်းမှ အောက်တိုဘာ ၂၉ ရက်နေ့က ထီးမကျူခီးရွာသူကြီး စောဖါးကော့ဆဲအားပစ်သတ်ပြီးနောက် အရပ်သားပိုင်ပစ္စည်းများကို သိမ်းယူခဲ့ သည်ဟု ဒေသခံတစ်ဦးကပြောသည်။ (KIC 101111) Read More…

(ဂ) နယ်ခြားစောင့်တပ်နှင့်ပြည်သူ့စစ်အဖွဲ့များ

- ကချင်ပြည်သူ့စစ်ခေါင်းဆောင် ဦးလဆန်အောင်ဝါနှင့် အထက်လွှတ်တော်အမတ် ဦးဇခုန်တိန့်ယိန်းတို့ ကချင်လွတ်မြောက်ရေး KIO နှင့်အစိုးရအကြားအပစ်အခတ်ရပ်ရေးနှင့်ပတ်သက်၍ ပြည်သူ့သဘောထားကောက်ခံရန်အတွက် နိုဝင်ဘာ ၉ ရက်နေ့က မြစ်ကြီးနား မြို့မြို့သစ်ရပ်ကွက် YMCA ခန်းမတွင် အစည်းအဝေးပြုလုပ်ခဲ့သည်။ (Mizzima 091111) Read More…
- ကချင်ပြည်လွတ်လပ်ရေးတပ်မတော် KIA နှင့် ကြံ့ဖွံ့အစိုးရစစ်တပ်တို့အကြား စစ်ဖြစ်နေသည့်သျှမ်းပြည် (မြောက် ပိုင်း) မူစယ်ခရိုင် တီးမားကျေးရွာအုပ်စုအတွင်းရှိ ဒေသခံရွာသားများကို ဒေသခံကျေးရွာ ပြည်သူ့စစ်အဖွဲ့ဝင်များက ညစဉ်ကင်းစောင့်ခိုင်းနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 091111) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## အခြားနိုင်ငံရေးပါတီများ

- ဒီမိုကရေစီမိတ်ဆွေပါတီများ ၁၀ ပါတီစုပေါင်းပြီး လယ်လုပ်သူ လယ်ပိုင်ရေးကိစ္စ၊ လယ်သမားများ လယ်သိမ်းခံနေရသည့်ကိစ္စနှင့် ပဲတောင်သူများ အရှုံးပေါ်နေသည့်ကိစ္စများနှင့်ပတ်သက်၍ နိုဝင်ဘာ ၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အစိုးရထံ အကြံပြုတင်ပြသွားမည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုက ပြောသည်။ (BBC 061111) Read More...
- ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့်ပါတီသစ်တစ်ရပ်ကသာ ပါတီမှတ်ပုံတင်ပြီးရွေးကောက်ပွဲဝင်မည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီအနေဖြင့် မဟာမိတ်ပါတီအဖြစ် ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက နိုဝင်ဘာ ၆ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 061111) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကသာ မှတ်ပုံတင်ပြီး ရွေးကောက်ပွဲ ဝင်မည်ဆိုလျှင် ကြိုဆိုရမည်ဖြစ်ကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက နိုဝင်ဘာ ၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 071111) Read More...
- နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲတစ်နှစ်ပြည့်ချိန်တွင် ဖဟိုအဆင့်ပြောင်းလဲမှုအချို့ရှိခဲ့သော်လည်း အောက်ခြေအုပ်ချုပ်ရေးအဆင့်၌ ဒီမိုကရေစီဆန်သောပြောင်းလဲမှု တစုံတရာမတွေ့ရသေးကြောင်း မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (Irrawaddy 071111) Read More...
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) အနေဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၂၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဟန်ရွှေကပြောသည်။ (DVB 081111) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ရွေးချယ်တာဝန်ပေးခံထားရသည့် မွန်ပြည်နယ်မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်နေရာတွင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီက ကိုယ်စားလှယ်လောင်းတစ်နေရာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းကပြောသည်။ (IMNA 091111) Read More...
- ဒီမိုကရက်တစ်ပါတီ (မြန်မာ) အနေဖြင့် မကြာမီကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ လစ်လပ်နေသောအလုပ်သမားဝန်ကြီး ဦးအောင်ကြည်နေရာအား မဲဆန္ဒနယ်တစ်နေရာကိုသာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုကပြောသည်။ (DVB 101111) Read More...
- ချင်းပြည်နယ်တွင် ခရစ်ယာန်လက်ဝါးကပ်တိုင်များကို မီးရှို့ခုတ်လှဲဖျက်ဆီးခဲ့မှုများနှင့်ပတ်သက်၍ ဒေသခံအာဏာပိုင်များ၏ လျစ်လျူရှုမှုကြောင့် ယင်းကိစ္စအားစုံစမ်းဖြေရှင်းပေးရန် လွှန်ခဲ့သည့် နိုဝင်ဘာ ၉ ရက်က ချင်းအမျိုးသားပါတီ CNP ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကစုပေါင်းလက်မှတ်ရေးထိုးကာ သမ္မတ ဦးသိန်းစိန်ထံ မေတ္တာရပ်ခံတိုင်ကြားလိုက်ကြသည်။ (RFA 111111) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့မှုသည် မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်ပြီး လူထုထောက်ခံမှုလည်းပိုမိုရရှိခဲ့ကြောင်း၊ လက်ရှိနိုင်ငံရေးအခြေအနေအရ အစိုးရသစ်က ယခင်နှင့်နှိုင်းယှဉ်လျှင် ပိုအပြုသဘောဆောင်၍လိုက်လျော့မှုအချို့ရှိလာကြောင်း အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောဆိုလိုက်သည်။ (BBC 071111) Read More...
- နိုဝင်ဘာ (၈) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင်ပြုလုပ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင် ပါတီတရားဝင်မှတ်ပုံတင်ရေး၊ မတင်ရေးဆုံးဖြတ်ချက်ကို နိုဝင်ဘာ ၁၈ ရက်နေ့တွင်ချမှတ်မည်ဟု ပါတီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောကြားလိုက်သည်။ (Irrawaddy 081111) Read More..., Mizzima...
- ကြံ့ဖွံ့အစိုးရတပ်များနှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများနှင့်တွေ့ဆုံရန်ဆန္ဒရှိသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ကြားဝင်စေ့စပ်ခြင်း၊ ညှိနှိုင်းခြင်းတို့ကို လုပ်ကိုင်ပေးနိုင်မည့်အနေအထားကအခက်အခဲများရှိနေသေးကြောင်း NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (Mizzima 101111) Read More...
- လာမည့် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ရေးမတင်ရေးကိစ္စကို နိုင်ငံတဝှမ်းမှ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့်ဆွေးနွေးပြီး ဆုံးဖြတ်ချက်မချခင် အချို့ပြည်နယ်နှင့်တိုင်းများတွင် ဆွေးနွေးကြရာတွင်မတူကွဲပြားတဲ့အမြင်များရှိနေကြသည်ဟု ပါတီဝင်များက ပြောသည်။ (VOA 101111)

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို ပြန်လည်မှတ်ပုံတင်ရန် တရားဝင်မဆုံးဖြတ်သေးခင် အဖွဲ့ချုပ်လူငယ်ကွန်ရက်အဖွဲ့ဝင်များက ပြည်နယ်နှင့်တိုင်းအဖွဲ့ဝင်များ၏သဘောထားများကို လှည့်လည်ကောက်ယူခဲ့ရာ အများစုကတရားဝင်ပါတီမှတ်ပုံတင်ရေးကို ထောက်ခံကြကြောင်း လူငယ်ကွန်ရက်ဆက်သွယ်ညှိနှိုင်းရေးမှူးဖြစ်သည့် ကိုဖြိုးမင်းသိန်းက ပြောသည်။ (DVB 101111) Read More..., VOA...
- ပါတီမှတ်ပုံတင်ရေးကိစ္စနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ဗဟိုကော်မတီဝင်များ အစည်းအဝေးထိုင် ဆုံးဖြတ်ရာတွင် အငြင်းပွားဖွယ်ရာမရှိသော်လည်း ရွေးကောက်ပွဲဝင်ရေးကိစ္စကိုသာများစွာစဉ်းစားရလိမ့်မည်ဟု ဗဟိုကော်မတီဝင် တစ်ဦးဖြစ်သူ ဦးဝင်းတင်က ပြောဆိုလိုက်သည်။ (VOA 121111) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ပါတီမှတ်ပုံတင်ရန် အလားအလာရှိပြီး ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ပြိုင်မည်ပုံရှိသည်ဟု ဗဟိုအလုပ်ဆောင်လည်းဖြစ် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ (BBC 121111) Read More...

## (ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)

- သမ္မတဦးသိန်းစိန်ဦးဆောင်သည့်အစိုးရသစ်မှ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းလိုက်ပြီးနောက် တရားဝင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်၊ မတင်သည့်ကိစ္စအား မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ MNDF က ပါတီတွင်းမကြာမီဆွေးနွေးသွားမည်ဟု ပါတီ ဒု-ဥက္ကဋ္ဌ နိုင်ငွေသိမ်းက နိုဝင်ဘာ ၇ ရက်နေ့ ပြောကြားလိုက်သည်။ (IMNA 071111) Read More...
- ရွေးကောက်ပွဲကျင်းပခဲ့ပြီး တစ်နှစ်တာကာလအတွင်း ပြည်တွင်း၌တိုးတက်ပြောင်းလဲမှုအရိပ်အယောင်များတွေ့မြင်နေရသော်လည်း အနည်းအကျဉ်းသာရှိနေသေးကြောင်း မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ MNDF ဒု-ဥက္ကဋ္ဌ နိုင်ငွေသိမ်းကပြောသည်။ (IMNA 071111) Read More...
- သျှမ်းတိုင်းရင်းသားခေါင်းဆောင်များ၏အမှုကို ပြန်လည်စီစစ်ခြင်းမပြုပေးပါက အစိုးရသစ်၏အမျိုးသားရင်ကြားစေ့ရေးစီမံကိန်းအတွက်စိုးရိမ်ရကြောင်း သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်ကပြောသည်။ (S.H.A.N 071111) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲဝင်ရန် မဆုံးဖြတ်ခင် အကျိုးအပြစ်များကို အလေးအနက်စဉ်းစားရန် မဟာမိတ်အစုအဖွဲ့ဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP က နိုဝင်ဘာ ၇ ရက်နေ့က ပြုလုပ်သည့်အစည်းအဝေးတွင် တိုက်တွန်းလိုက်သည်။ (DVB 081111) Read More...
- သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD အနေဖြင့် မကြာခင်ကျင်းပရန်ရှိသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်းနှင့် ပါတီမှတ်ပုံတင်ရန်လည်းအစီစဉ်မရှိသေးကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်ကပြောသည်။ (DVB 081111) Read More...
- အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ထပ်ပေးရန်ရှိသည်ဆိုသည့် ခန့်မှန်းချက်များထွက်ပေါ်နေချိန်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအကျဉ်းသားများ မကြာခင်လွတ်မြောက်လာလိမ့်မယ်လို့ ထင်မြင်ကြောင်းနှင့် ၄င်းတို့လွတ်မြောက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ (RFA 101111) Read More...

## (ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- ကရင်ပြည်နယ် ဖားအံအကျဉ်းထောင်တွင် ထောင်ဒဏ် ၁၁ နှစ် ကျခံနေရဆဲဖြစ်သည့် ဘလော့ဂါ ကိုနေဘုန်းလတ်က လောလော ဆယ် ၄င်းမလွတ်မြောက်သေးသော်လည်း အခြားထင်ရှားသည့် နိုင်ငံရေးလှုပ်ရှားသူများ ဦးစွာလွတ်မြောက်ရန်လိုလားကြောင်း ပြောဆိုခဲ့သည်ဟု ထောင်ဝင်စာသွားရောက်ခဲ့သူ မိခင်ဒေါ်သန်းအေးက ပြောသည်။ (RFA 061111) Read More...
- နိုင်ငံရေးအကျဉ်ကျခံရသူများအတွက် အသက်မွေးဝမ်းကျောင်းလိုင်စင်နှင့်ကျောင်းပြန်ဆက်တက်ခွင့်ရရှိရေးအတွက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့အိုလံပစ်တာဂါတွင် နိုဝင်ဘာ ၅ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို တိုင်ကြားစာပေးပို့ရန်နှင့်သမ္မတထံလည်းပေးပို့သွားရန်ရှိကြောင်း ရွှေ့နေကြီး ဦးအောင်သိန်းကပြော သည်။ (DVB 061111) Read More...
- အကျဉ်းသားတိုင်းရပိုင်ခွင့်များကို တောင်းဆိုနေသည့်အနေဖြင့် အင်းစိန်အကျဉ်းထောင်တွင် အစာငတ်ခံဆန္ဒပြကြသည့် နိုင်ငံရေး အကျဉ်းသား ၁၅ ဦးသည် အာဟာရပိုင်များ၏ရေဖြတ်ခြင်း၊ ထောင်ဝင်စာတွေ့ခွင့်ပိတ်ပင်ခြင်းနှင့်စစ်ဆေးတိုက်သို့ပို့ဆောင်ခြင်းများကြောင့် ၄င်းတို့၏ ၁၂ ရက်ကြာ ဆန္ဒပြခဲ့မှုကို အဆုံးသတ်ရပ်ဆိုင်းလိုက်ကြောင်း နိုင်ငံရေးအကျဉ်းသားများကို အကူအညီပေးနေသူ တစ်ဦးက ပြောသည်။ (VOA 091111) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ကိုမင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် အကျဉ်းထောင်အသီးသီးတွင် ကျခံနေရဆဲ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်အားလုံးအမြန်ဆုံး လွတ်မြောက်ရေးကို ဆက်လုပ်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ပြန်လည်လွတ်မြောက်လာသည့် ၈၈ မျိုးဆက်ကျောင်းသားများက ပြောဆိုလိုက်သည်။ (RFA 091111) Read More…
- မကြာမီကမှ ပြန်လည်လွတ်မြောက်လာသည့် လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးသည် နိုဝင်ဘာ ၉ ရက်နေ့က မကွေးတိုင်းမှ လယ်သမား ၁၀၀ ကျော်ခန့်နှင့်ပြည်မြို့တွင်တွေ့ဆုံခဲ့ပြီး လယ်သမားများကြုံတွေ့နေရသည့် အခက်အခဲများအကြောင်း ပြောဆိုဆွေးနွေးခဲ့ကြသည်ဟု ပါဝင်တွေ့ဆုံခဲ့သူ လယ်သမားတစ်ဦးက ပြောသည်။ (RFA 091111) Read More…
- ထောင်ဒဏ်လျှော့ရက်ရရှိရေးဆန္ဒပြနေသည့် အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦးအား နိုဝင်ဘာလကုန်အထိထောင်ဝင်စာ ပိတ်ထားလိုက်ပြီဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများအကျိုးဆောင်ကွန်ယက်တာဝန်ခံ ကိုအောင်ဇော်ထွန်းကပြောသည်။ (Mizzima 111111) Read More…
- မကြာမီက ပြန်လည်လွတ်မြောက်လာသည့် ဟာသသရုပ်ဆောင် ကိုဇာဂနာက ပြန်မလွတ်သေးသည့် နိုင်ငံရေးအကျဉ်းသားများအတွက် ငွေကြေး၊ စာအုပ်စာတမ်းနှင့် အသုံးအဆောင်ပစ္စည်းများ လိုက်လံဝေငှနေရာတွင် နိုဝင်ဘာ ၁၂ ရက်နေ့အထိ အကျဉ်းသား ၆၂၄ ဦးအတွက် ပေးလှူနိုင်ခဲ့သည်ဟု ကိုဇာဂနာကပြောသည်။ (RFA 121111) Read More…

## (ဃ) မီဒီယာ

- မကြာခင်ကမှ ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်သားဟောင်းများဖြစ်သော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုကိုကြီး (စမ်းချောင်း)နှင့် မစုစုနွေးတို့နှင့်ပတ်သက်သည့် သတင်း၊ အင်တာဗျူးများကို စာပေစိစစ်ရေးက ခွင့်ပြုခြင်းမရှိဟု Hot News ဂျာနယ်နှင့်တွေ့ဆုံခဲ့သည့် ကိုကိုကြီး(စမ်းချောင်း)က ပြောသည်။ (DVB 071111) Read More…
- နိုဝင်ဘာလ ၂ ရက်နေ့က မန္တလေးတိုင်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ သတင်းစာဆရာ ၁၇ ဦးကို လွှတ်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ကြီးချုပ်ရဲမြင့်က အကန့်အသတ်ဖြင့် သတင်းယူခွင့်ပြုခဲ့သည်ဟု မန္တလေး အခြေစိုက် သတင်းထောက်တစ်ဦးက ပြောသည်။ (Mizzima 081111) Read More…
- သတင်းစာဆရာများအနေဖြင့် လွှတ်တော်တွင်းသတင်းများရေးသားရာတွင် သတိထားရေးသားကြရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုဝင်ဘာ ၈ ရက်နေ့သတင်းယူနေသည့် သတင်းထောက်များအား သတိပေးပြောဆိုလိုက်သည်ဟု သတင်းထောက်တစ်ဦးကပြောသည်။ (Mizzima 081111) Read More…

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ၂၀၁၀ ရွေးကောက်ပွဲပြီးနောက်ပိုင်း ကချင်ပြည်နယ်အတွင်းတွင် နိုင်ငံရေးနှင့်တိုင်းရင်းသားအရေးများသည် အခြေအနေပိုမိုဆိုးရွားလာကြောင်း ကချင်လွတ်မြောက်ရေးတပ်မတော် KIA ဒု-စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ (BBC 071111) Read More…
- သျှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်နယ်နိမိတ်တွင် နိုဝင်ဘာ (၆) ရက်နေ့က မြန်မာအစိုးရတပ်ကူစစ်ကြောင်းအား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) က ခြုံခိုတိုက်ခိုက်ခဲ့ရာ ကြံ့ဖွံ့အစိုးရတပ်သား ၇ ဦး ကျဆုံးခဲ့သည်ဟု KIA အရာရှိများကပြောသည်။ (KNG 081111) Read More…
- မြန်မာအစိုးရနှင့်ဆွေးနွေးရန် သျှမ်းပြည်တောင်ပိုင်း တပ်မတော် RCSS/SSA အား အစိုးရနှင့်ဆက်ဆံရာ၌ သိသင့်သိထိုက်သည့် အချက်အလက်များကို အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောဆိုသတိပေးလိုက်သည်ဟု အစိုးရကိုယ်စားလှယ်နှင့် ပဏာမအဆင့်ဆွေးနွေးခဲ့ပြီးသော အဆိုပါလက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင်များကပြောသည်။ (S.H.A.N 101111) Read More…
- တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ တစ်ဖွဲ့ချင်းစီခွဲ၍ အစိုးရကိုယ်စားလှယ်အားဆွေးနွေးနေမှုအပေါ် အနာဂတ်တွင်တိုင်းရင်းသားများ၏စစ်မှန်သော အခွင့်အရေးပျောက်ဆုံးပျက်စီးသွားမည်ကိုစိုးရိမ်ကြောင်း ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFC သုတေသနနှင့် ဥပဒေရေးရာဌာန ဒုတိယတာဝန်ခံ ဗိုလ်မှူးကြီး ခွန်ဥက္ကာကပြောကြားလိုက်သည်။ (S.H.A.N 101111) Read More…
- အစိုးရစစ်တပ်က ကချင်ပြည်နယ်တွင် ထိုးစစ်များအရှိန်တိုးမြှင့်လာရာတွင် လက်နက်နှင့်စစ်သားများကိုရထားများနှင့်အဆက် မပြတ်ပို့ဆောင်နေသည့်အတွက် မန္တလေး-မြစ်ကြီးနား ရထားတစ်စင်းကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA က ခြုံခိုတိုက်ခိုက်ခဲ့ရာ ရထားဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (VOA 101111) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) က အစိုးရကိုယ်စားလှယ်များနှင့်နေပြည်တော်တွင် တွေ့ဆုံခဲ့သောငြိမ်းချမ်းအစပျိုးဆွေးနွေးပွဲ၌ အချက် ၃ ချက်အဖြစ် ငြိမ်းချမ်ရေးအတွက် ဗဟိုကော်မတီဝင်များအားလုံးစုံညီစွာဆွေးနွေးနိုင်ရန်အတွက် လက်ရှိဝမ်းဟိုင်း ဌာနချုပ် အနီးတဝိုက်ရှိအစိုးရတပ်များ ပြန်လည်နောက်ဆုတ်ပေးရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအရဆွေးနွေးရေးအတွက် ညီညွတ်သောတိုင်းရင်းသားများဖက်ဒရယ်ကောင်စီ UNFC တို့နှင့်ဆွေးနွေးရေးတို့ကိုတင်ပြခဲ့သည်ဟု ပါဝင်တက်ရောက်ခဲ့သူတစ်ဦးကပြောသည်။ (BBC 111111) Read More…
- ကြံ့ဖွံ့အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ကရင်အမျိုးသားအစည်းအရုံး KNU က ကိုယ်စားလှယ် ၇ ဦးအား နိုဝင်ဘာ ၁၀ ရက်နေ့က ကျင်းပသည့် အရေးပေါ်ညီလာခံ တတိယမြောက်နေ့တွင် ဖွဲ့စည်းလိုက်ကြောင်း KNU နှင့် နီးစပ်သူတစ်ဦးကပြောသည်။ (Irrawaddy 111111) Read More…, Mizzima…, KIC…
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူဒေသတွင် လှုပ်ရှားနေသော ဗိုလ်ကြီးအေဂမ်း ဦးစီးသော DKBA တပ်ခွဲ (၃) မှ တပ်ဖွဲ့ဝင်များအား လက်နက်အပ်နံ့ရန် အစိုးရစစ်တပ် ခလရ (၂၁) တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး အောင်ဝင်းခိုင်က လက်နက်အပ်နံ့ပြီးမြို့တွင်းသို့ပြန်လည်နေထိုင်ရန် DKBA အသိုင်းအဝိုင်းနှင့်နီးစပ်သူများထံမှ တောင်းဆိုခဲ့ကြောင်း ဗိုလ်ကြီးအေဝမ်းကပြောသည်။ (KIC 121111) Read More…

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- အစိုးရသစ်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိလွှတ်ပေးရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP က နိုဝင်ဘာ ၇ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 071111) Read More…
- မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အပေါင်းအပါများ ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးတွင်တရားစွဲဆိုနိုင်ရေးအတွက် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင် (COI) ဖွဲ့စည်းရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) က နိုဂင်ဘာ ၇ ရက်နေ့က တောင်းဆိုလိုက်သည်ဟု အဖွဲ့သဘာပတိအဖွဲ့ဝင် ဂျန်မွန်းနေလီက ပြောသည်။ (Irrawaddy 071111) Read More…
- အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံရေးပြဿနာများအား တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုဦးတည်သည့်လုပ်ရပ်မဟုတ်ကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအတွင်း ဖဲ့ထုတ်စည်းရုံးနိုင်ရေးအတွက် ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး ABSDF တပ်ဖွဲ့က နိုဂင်ဘာ ၈ ရက်နေ့က ထောက်ပြပြောဆိုလိုက်သည်။ (NMG 091111) Read More…
- မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့်အပစ်အခတ်ရပ်စဲရေးရရှိနိုင်ရန်အတွက် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့်အစိုးရအကြား ဂင်ရောက်စေ့စပ်ညှိနှိုင်းပေးရန် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) က တိုက်တွန်းတောင်းဆိုလိုက်သည်။ (VOA 091111) Read More…
- နိုင်ငံရေးအကျဉ်းသား ၆,၀၀၀ ကျော်ထဲမှ ၂၄၀ ခန့် ပြန်လွတ်မြောက်လာသော်လည်း အကျဉ်းထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆက်လက်ဖြစ်ပွားနေပြီး အခြေအနေများပိုမိုဆိုးရွားလာနေသည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP က အောက်တိုဘာလအစီရင်ခံစာတွင် ဖော်ပြထားသည်။ (RFA 121111) Read More…
- မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းမှစတင်၍ အစိုးရသစ်တက်လာသော်လည်း လူ့အခွင့်အရေးအခြေအနေများက တိုးတက်ပြောင်းလဲမှုများမရှိသေးကြောင်း လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) က အထောက်အထားနှင့်တကွ အစီရင်ခံစာ တစ်စောင်ထုတ်ပြန်လိုက်သည်။ (BBC 121111) Read More…

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- ကြံ့ဖွံ့အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးအပြောင်းအလဲအချို့ရှိသော်လည်း လူ့အခွင့်အရေးအခြေအနေများ သိသိသာသာထူးခြားမှုမရှိသေးသည့်အတွက် ကျန်ရှိနေသေးသည့်နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန်၊ တိုင်းရင်းသားလူမျိုးစုဒေသများမှ စစ်ပွဲများရပ်ဆိုင်းရန်အပါအဝင် အဓိကပြဿနာများကို အစိုးရသစ်အဖွဲ့အနေဖြင့် ကိုင်တွယ်ဖြေရှင်းပေးရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ

လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးမှူး သောမတ်စ်အိုဟေး ကွင်တားနားက မြန်မာအစိုးရကိုတိုက်တွန်းလိုက်သည်။ (VOA 071111) Read More…

- နိုဝင်ဘာ ၇ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပနေသည့် ငွေကြေးဈေးကွက်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့်လော နိုင်ငံဆိုင်ရာဥရောပသမဂ္ဂ EU သံအမတ် David Lipman က မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲများဖြစ်နေပြီဟု သတင်းထောက်များအားပြောဆိုခဲ့သည်။ (RFA 071111) Read More…
- ၂၀၁၄ အာရှဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် မြန်မာကကျင်းပရန် အာဆီယံခေါင်းဆောင်များက နှစ်ထောင်းအားရသဘောတူမှုကိုဖော်ပြကြကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ Marty Natalegawa အားကိုးကား၍ Jakata Globe သတင်းကရေးသားထားသည်။ (Mizzima 081111) Read More…
- မြန်မာနိုင်ငံအကျဉ်းထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသားအချို့ အစာငတ်ခံဆန္ဒပြနေသည့်သတင်းကြောင့် စိုးရိမ်ပူပင်မှုဖြစ်မိကြောင်း၊ ၎င်းတို့ ရပိုင်ခွင့်များအကာအကွယ်ပေးရန်နှင့် ICRC အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ကို ထောင်တွင်းသို့သွားရောက်ကူညီခွင့်ပြုရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်က မြန်မာအစိုးရကို တိုက်တွန်းလိုက်သည်။ (VOA 081111) Read More…
- မြန်မာနိုင်ငံကို အလှည့်ကျအာဆီယံ ဥက္ကဋ္ဌ နေရာပေးရေးဆုံးဖြတ်ချက်ကို အချိန်ယူကြရန်နှင့် စဉ်စားရမည့်အချက်များ အများအပြားရှိနေမှုကို ထည့်သွင်းစဉ်းစားကြရန် မြန်မာ့အရေးဆောင်ရွက်နေသည့် အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC က ပြောကြားလိုက်သည်။ (RFA 081111) Read More…

## (ခ) အစိုးရ

- တောင်အာဖရိကဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်၏ သံအမတ်ခန့်အပ်လွှာကို ပြန်၍ရုပ်သိမ်းသင့်ကြောင်း တောင် အာဖရိက အတိုက်အခံအမတ်ဖြစ်သူ နိုင်ငံတကာဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Kenneth Mubu က နိုဝင်ဘာလ ၆ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (VOA 081111) Read More…
- မြန်မာအစိုးရ၏ပြုပြင်ပြောင်းလဲရေးခြေလှမ်းတစ်လှမ်းချင်းအလိုက်တုံ့ပြန်သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနပြောခွင့်ရ ပုဂ္ဂိုလ် Ms. Victoria Nuland က နိုဝင်ဘာ ၇ ရက်နေ့သတင်းစားရှင်းလင်းပွဲတစ်ရပ်၌ သတင်းထောက်တစ်ဦး၏အမေးတွင် ထပ်မံပြောကြားလိုက်သည်။ (RFA 081111) Read More…
- မြန်မာအစိုးရမှ ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်လာမည်ဆိုလျှင် အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏မိတ်ဆွေနိုင်ငံဖြစ်လာရန်အဆင်သင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့တွင် ပြောဆိုလိုက်သည်။ (RFA 101111) Read More…

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးမှနိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးရန် ကနေဒါပြည်သူ့ ဝန်ထမ်းအလုပ်သမားသမဂ္ဂအဖွဲ့ ကိုယ်စားလှယ် ၄၀၀ ကျော်က နိုဝင်ဘာ ၇ ရက်နေ့တွက် လက်မှတ်ရေးထိုးတောင်းဆိုခဲ့ကြကြောင်း မြန်မာ့မိတ်ဆွေများအဖွဲ့ CFOB တာဝန်ခံ ဦးတင်မောင်ထူးက ပြောသည်။ (RFA 071111) Read More…
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးအတွက် ကောက်ခံရရှိထားသည့် လက်မှတ်ပေါင်း ၃ သောင်းကျော်ကို အပြည်ပြည် ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (ဂျပန်ဌာနခွဲ) က ဂျပန်နိုင်ငံ တိုကျိုမြို့ မြန်မာသံရုံးကို နိုဝင်ဘာ ၁၁ ရက်နေ့တွင်ပေးပို့တောင်းဆို လိုက်သည်။ (RFA 111111) Read More…

---

***End of report/ Saturday, November 12, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---